ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

ကွင်းကြီးကျေးရွာ၊ ကွင်းကြီးအုပ်စု

၂၀၁၇ ခုနှစ်

ကြံခင်းမြို့

မာတိကာ


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ရခိုင်ပြည်နယ်
ကျောက်နီချောင်း
ပတော်ချောင်း
ပတော်သစ်တောကြိုးဝိုင်း
မြန်အောင်မြို့နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်နယ်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ




ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ

၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း (ကွင်းကြီးကျေးရွာအုပ်စု)

**၁. ကွင်းကြီးကျေးရွာ**

၂. သံအိုးကင်းကျေးရွာ

၃. မှန်ကွင်းကျေးရွာ

၄. အုပ္ပုံကျေးရွာ

၅. သုမင်္ဂလ(ဝက်လူး)ကျေးရွာ

ကွင်းကြီးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄. ကွင်းကြီးကျေးရွာ၏အခြေခံအချက်အလက်များ

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ကွင်းကြီးအုပ်စု၊ ကွင်းကြီးကျေးရွာသည် အိမ်ခြေ (၁၄၅) ရှိသော၊ ကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ဗမာလူမျိုးများ နေထိုင်ကြပြီး၊ ကရင် နှင့် ဗမာလူမျိုး ခရစ်ယာန်ဘာသာဝင်များလည်း ရှိပါသည်။ ကျေးရွာသည် တောင်ကုန်းများကြား၊ မြေနိမ့်ပိုင်းတွင် တည်ရှိပြီး၊ ကျေးရွာဘေး ပတ်ဝန်းကျင်တွင် လယ်ကွင်းများ၊ သစ်တောများရှိသည်ကို တွေ့ရပါသည်။ အနောက်ဘက်တွင် မြင်သာလမ်းမကြီး ရှိပြီး၊ ပုသိမ်-မုံရွာ ကားလမ်းမသို့ သွားနိုင်ပါသည်။

ရွာတွင်းလမ်းများမှာ နွေအခါတွင် ဖုန်ထူပြီး၊ မိုးအခါတွင် သဲပွက်ထသောလမ်းအမျိုးအစားဖြစ်ပါသည်။ မိုးကာလတွင် တောင်ကုန်းများမှ တောင်ကျရေများ ဒလဟော စီးဆင်းမှုကြောင့်၊ ရွာတွင်းလမ်းများ တိုက်စားပျက်စီးပြီး၊ ရေကျော်ရေလျှံမှုများကို နှစ်စဉ်ခံစားကြရပါသည်။

ကျေးရွာတွင် နေထိုင်ကြသူများမှာ လယ်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသူများဖြစ်ပြီး၊ ရာသီအလိုက် စပါး၊ ပဲ၊ နှမ်း စသည့် လယ်ယာ ထွက်ကုန်များကို စိုက်ပျိုးခြင်း၊ ရောင်းချခြင်းဖြင့်၊ လုပ်ကိုင်စားသောက်ကြပါသည်။ လက်မှုပညာရှင်များဖြစ်သော လက်သမား နှင့် ပန်းရံပညာရှင်များလည်း ရှိကြပြီး၊ ကျပန်းလုပ်ကိုင်စားသောက်ကြသူများလည်း ရှိပါသည်။

ကျေးရွာတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း နှင့် စေတီကိုလည်း တွေ့မြင်ရပြီး၊ ခရစ်ယာန်ဘာသာ ဘုရားရှိခိုးကျောင်းလည်း ရှိပါသည်။ ကျန်းမာရေး အဆောက်အဦး

အနေဖြင့်၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး၊ ပညာရေး အဆောက်အဦးအနေဖြင့်၊ အခြေခံပညာ မူလတန်းကျောင်း နှင့် မူလတန်းကြိုကျောင်း ရှိပါသည်။ ကျေးရွာတွင် နေထိုင်ကြသော ဆရာ၊ ဆရာမများအပြင်၊ အခြားကျေးရွာမှ လာရောက် ပညာသင်ကြား ပေးသော ဆရာ၊ ဆရာမများလည်း ရှိပါသည်။

ကွင်းကြီးကျေးရွာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးများကို လာရောက်လုပ်ကိုင်ကြသော၊ World Vision အဖွဲ့အစည်းရှိပြီး၊ ၂၀၀၉ ခုနှစ်က၊ စတင်ခဲ့သည်ဟု သိရပါသည်။

ကွင်းကြီးကျေးရွာတွင် သောက်ရေအတွက် တွင်းရေ၊ စက်တူးရေများမှ ရေချိုမရ ရှိပဲ၊ သုံးရေအဖြစ် ရေငံသာထွက်ရှိ၍၊ ရေချိုသောက်ရေကို ကျေးရွာ နှင့် အတန်ငယ်လှမ်း သောနေရာသို့ လှည်းများ၊ ထော်လာဂျီများ ဖြင့် တဆင့်သွားရောက် သယ်ယူ၍ သုံးစွဲရ ကြောင်းသိရပါသည်။


# ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၁၀-၁-၂၀၁၆ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၀ | ၁၅ | ၂၅ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၁၀-၁-၂၀၁၆ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၀ | ၁၅ | ၂၅ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၁၀-၁-၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | ၁၀ | ၁၅ | ၂၅ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၁၀-၁-၂၀၁၆ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၇ | ၁၉ | ၂၆ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၃၀-၁၂-၂၀၁၅ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၁၅ | ၁၃ | ၂၈ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ်သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၃၀-၁၂-၂၀၁၅ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၅၅ | ၆၆ | ၁၂၀ | -အရင်းမြစ်များပေါ်တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၃၀-၁၂-၂၀၁၅ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၅၅ | ၆၆ | ၁၂၀ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၃၀-၁၂-၂၀၁၅ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၅၅ | ၆၆ | ၁၂၀ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာဦးစားပေးလုပ်ငန်း | ၂-၁-၂၀၁၆ | ကော်မတီဝင်များရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | ၅၅ | ၆၆ | ၁၂၀ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>



လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- လယ်ယာ၊ ကိုင်းကျွန်း၊ အင်တော၊ ဝါးတော စသော ဒေသအရင်းအမြစ်များကို အမှီပြု၍ အသက်မွေးဝမ်းကြောင်းပြုကြပါသည်။
  အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာ၊ ပဲ၊ နှမ်း စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။
- တောင်ကုန်းများကြား မြေနိမ့်နေဒေသတွင် တည်ရှိသောကျေးရွာဖြစ်၍ မိုးကာလတွင် တောင်ကျရေများ ဒလဟောစီးဆင်းမှုကြောင့် ရေကြီးရေလျှံမှု ဒဏ်ကို၊ နှစ်စဉ် ကြုံတွေ့ ခံစားရသောကျေးရွာဖြစ်ပါသည်။
- အများစုမှာ ဗမာလူမျိုး ဗုဒ္ဓဘာသာများဖြစ်ကြပြီး ကရင်လူမျိုး ခရစ်ယာန်ဘာသာဝင်များလည်း နေထိုင်ကြပါသည်။
- ကျေးရွာတွင် World Vision အဖွဲ့မှ လှူဒါန်းထားသော မိုးရေလှောင်ကန်(၃) ကန်ရှိပြီး၊ နွေရာသီ သောက်သုံးရေဖူလုံစေရန်အတွက် မိုးရေများသိုလှောင်ထားရှိပါသည်။ ကျေးရွာတွင်း ရေအရင်းအမြစ်ရရှိမှုမှာ ရေငံအမျိုးအစားသာထွက်ရှိ၍၊ ရေချိုရရှိမှုအတွက် ကျေးရွာပြင်ပရှိ ရေချိုရရှိသောနေရာသို့ လှည်းများ၊ ထော်လာဂျီများဖြင့် သွားရောက်သယ်ယူသုံးစွဲကြကြောင်း သိရပါသည်။

## ဖွံ့ဖြိုးရေးလိုအပ်ချက်

- ရွာတွင်းလမ်း ရာသီမရွေး၊ ကောင်းမွန်ရေး
- ကျေးရွာတွင်း လျှပ်စစ်မီးရရှိရေး
- ရွာချင်းဆက်လမ်း၊ ကောင်းမွန်ရေး
- အစည်းအဝေးခန်းမ
- အားကစားကွင်း
- ဝင်ငွေတိုးလုပ်ငန်းများ
  - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ

- စိုက်ပျိုးရေးအတွက် ချေးငွေ
- အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာဆိုင်ရာ သင်တန်းများ

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)


- လယ်ယာလုပ်ငန်း နှင့် တောင်ယာလုပ်ငန်းသည် ကျေးရွာ၏ အဓိကလုပ်ငန်းများဖြစ်သည်။
- ရာသီအလိုက် မြေသြဇာချခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း၊ မြက်ကောက်ခြင်း၊ ပဲစိုက်ပဲနှုတ်ခြင်း စသောအလုပ်အကိုင်များလုပ်ကိုင်ကြပြီး လုပ်အားခဝင်ငွေများ ရရှိကြပါသည်။
- လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်းကို ဝါခေါင်လတွင်လည်းကောင်း၊ ကောက်ရိတ်ခြင်း၊ မတ်ပဲကြဲခြင်းကို တန်ဆောင်မုန်းလတွင်လည်းကောင်း၊ စပါးခြွေခြင်း၊ မတ်ပဲနှုတ်ခြင်းကို နတ်တော် နှင့် တပေါင်းလတို့တွင်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြပြီး၊ ၎င်းလများသည် ဝင်ငွေကောင်းသောလများဖြစ်ပြီး၊ အမျိုးသား၊ အမျိုးသမီး တစ်နေ့လျှင်(၄၀၀၀) ကျပ်နှုန်း ပျှမ်းမျှရရှိကြပါသည်။
- ကျန်းမာရေးမှာ ရာသီအကူးအပြောင်းများတွင် မကောင်းတတ်ပဲ၊ တန်ခူး၊ နယုန်၊ ဝါဆို၊ တန်ဆောင်မုန်း၊ နတ်တော် လများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး စသောရောဂါများ ဖြစ်ပွားတတ်ပါသည်။
- ရေချိုသောက်သုံးရေအတွက် ကျေးရွာ နှင့် (၁) မိုင်ခန့်ဝေးကွာသော နေရာသို့ စည်များဖြင့် သွားရောက်ခပ်ယူကြရကြောင်းလည်း သိခဲ့ရပါသည်။
- ကျေးရွာ၏ ပွဲတော်ကျင်းပသောလရာသီများမှာ တန်ခူးတွင် သင်္ကြန်ပွဲတော်၊ ကဆုန်တွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလတွင် ဝါဆိုပန်းခူးပွဲ၊ သီတင်းကျွတ်တွင် မီးထွန်းပွဲတော် နှင့် တပို့တွဲတွင် ထမနဲပွဲတို့ ဖြစ်ကြပါသည်။
- ရွှေ့ပြောင်းလုပ်သားများအနေဖြင့် မိမိနေရပ်မှခွါကာ၊ ရန်ကုန်စသည့် မြို့ကြီးများပေါ်သို့ သွားရောက်အလုပ် လုပ်ကိုင်ကြသော လူငယ်လူရွယ်များရှိပြီး၊ တန်ခူး နှင့် သီတင်းကျွတ် ကဲ့သို့သော ပိတ်ရက်ရှည်များသော လများတွင်၊ မိမိတို့ဇာတိရပ်ရွာသို့ ပြန်လာတတ်ကြောင်း သိရပါသည်။
- သဘာဝဘေးအန္တရာယ် နှင့် ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေး အခြေနေများမှာ၊ မိုးရာသီ ဖြစ်သော နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း လရာသီများတွင် တောင်ကျရေများ ဒလဟော

စီးဆင်းမှုကြောင့်၊ လမ်းရေလျှံခြင်း၊ လမ်းပျက်ဆီးခြင်းများ ကြုံတွေ့ရပြီး ကျန်ကာလများတွင် အဆင်ပြေပါသည်။

- ရာသီခွင်ပြပြက္ခဒိန် ကို ဝိုင်းဖွဲ့ဆွေးနွေးခြင်းအားဖြင့် အမျိုးသားများ နှင့် အမျိုးသမီး တို့၏နေ့စဉ် လူမှုကိစ္စ၊ အိမ်မှုကိစ္စများတွင် တာဝန်ခွဲဝေယူမှု၊ ကျား၊မရေးရာ ကဏ္ဍများ အချိုးညီစွာ တွင်ကျယ်စေမှု စသောသဘောတရားများကို သိမြင်ခံစားလာအောင်ဆွေးနွေးနိုင်ခဲ့ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဂ) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>



ကွင်းကြီးကျေးရွာ
ကွင်းကြီးအုပ်စု

- ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား -

၃၀.၁၂.၂၀၁၆
ပါဝင်ဆွေးနွေးသူ- ကျား - ၁၀
မ - ၁၅

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း % |
|---|---|---|---|
| က | [illegible] | ၁၅ | ၁၁ % |
| ခ | [illegible] | ၂၅ | ၁၇ % |
| ဂ | [illegible] | ၄၂ | ၂၉ % |
| ဃ | [illegible] | ၆၃ | ၄၃ % |
| | စုစုပေါင်း | ၁၄၅ | ၁၀၀% |


<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>

ဥစ္စာခေနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- (ဂ) အဆင့် မပြေလည်သောအုပ်စုသည် (၁၅) အိမ်ထောင်စု၊ (ဃ) အဆင့် အလွန်နွမ်းပါးသော အုပ်စုသည် (၆၃) အိမ်ထောင်စု ဟူ၍သတ်မှတ်ရရှိခဲ့ပါသည်။
- မပြေလည်သော နှင့် အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများ
- ခြင်း၊ ပုံမှန်ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လယ်ယာမြေပိုင်
- ဆိုင်မှုမရှိခြင်း၊ မိဘများဗဟုသုတနည်းပါးခြင်း နှင့် ပညာရေးတွင် ဆုံးခန်းတိုင်အောင် သင်ကြား မပေးနိုင်ခြင်း စသည် တို့ကြောင့် ဖြစ်ကြပါသည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများ နှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များ၊ ကျေးရွာ၏ ဆန္ဒ သဘောထားများကို ဦးစားပေး၍ စဉ်းစား ရေးဆွဲခဲ့ပါသည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေ များ ရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာ လူထုမှအချိန်ကုန်မှုများလျော့လာပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် တဖက်တလမ်းမှ ကူညီ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)


- ကျေးရွာအတွင်း ရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မိခင် နှင့် ကလေး၊ အမျိုးသမီးရေးရာ၊ မီးသတ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ World Vision အဖွဲ့ နှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့ တို့ဖြစ်ကြပြီး၊ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မိခင် နှင့် ကလေး၊ မြို့နယ်အမျိုးသမီးရေးရာ၊ မြို့နယ်မီးသတ်အဖွဲ့၊ မြို့နယ်ကျောင်းကော်မတီ၊ မြို့နယ် World Vision အဖွဲ့ နှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းအဖွဲ့တို့ဖြစ်ကြပါသည်။
- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကို အဓိကဦးဆောင်မှုပြုလုပ်ကြပြီး၊ ကျေးရွာ နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး တို့အတူပူးပေါင်း၍ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြပါသည်။
- ကျေးရွာအတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများသည် လိုအပ်ပါက၊ ကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး နှင့် ကျေးရွာ၏လိုအပ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောက်ရွက်မှုပြုကြောင်း၊ တွေ့ရပါသည်။
- ကျေးရွာလူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးများ နှင့် လူမှုရေးလုပ်ငန်း
- များကို အုပ်ချုပ်ရေး အဖွဲ့ နှင့် ချိတ်ဆက်၍ ဆောင်ရွက်ကြပြီး၊ လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသား နှင့် အမျိုးသမီးများလည်း ဖွဲ့စည်းပါဝင်ကြပါသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ

  ဆောင်ရွက်ကြရုံသာမက၊ ကျေးရွာသာရေး၊ နာရေး နှင့် ချက်ရေးပြုတ်ရေး၊ ကျွေးမွေးဧည့်ခံရေးတို့တွင် အမျိုးသား၊ အမျိုးသမီးများအတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

- ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကျောင်းကော်မတီ၊ လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြကြောင်းသိရှိရပါသည်။
- ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများကို သိရှိခြင်းအားဖြင့် ကျေးရွာ၊ အုပ်စု၊ မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မတူညီသော အဖွဲ့အစည်းများ၊ မတူညီသော သတင်းအချက်အလက်များကို တပြေးညီဆောင်ရွက်သိရှိစေပြီး၊ ပိုမိုဖွံ့ဖြိုးအောင်မြင်နိုင်လိမ့်မည်ဟု သိမြင်ခံစားမိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အရင်းအမြစ် ပိုင်ဆိုင်မှု၊ အသုံးပြုမှု တို့တွင် အမျိုးသမီးများ နှင့် အမျိုးသားများသည် လမ်း၊ စာသင်ကျောင်း၊ ရေတွင်း၊ လယ်၊ အင်တော၊ ဝါးတော၊ ဝက်မွေးမြူရေး၊ စက်ဘီး၊ ဆိုင်ကယ်၊ လယ်ယာသုံးတံဇဉ်၊ အိမ်သုံးဓား စသည်တို့ကို အတူတူအသုံးပြု ပိုင်ဆိုင်ကြသည်ကို တွေ့ရသည်။
- အပ်ချုပ်စက်၊ ကြက်၊ ဘဲ မွေးမြူရေး စသည်များကို အမျိုးသမီးများက သီးသန့် အသုံးပြုပိုင်ဆိုင်ကြသည်။
- လယ်ထွန်စက်၊ ထွန်၊ ထယ်၊ နွား၊ မြက်ဖြတ်စက်၊ ရေစုပ်စက်၊ ပန်းရံပစ္စည်း၊ လက်သမားသုံးပစ္စည်း၊ ကိုင်း၊ တောင်ယာ များကို အမျိုးသားများမှ သီးသန့် အသုံးပြုကြပါသည်။
- အရင်းအမြစ် ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများတွင် အများအားဖြင့်၊ အမျိုးသားများကသာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ၊ အလွန်ပင် နည်းပါးသည်။ နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း တို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော(သို့) ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန် နည်းပါးသည်။
- လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ ကျေးရွာ၏ အစည်းအဝေးများတွင်ပါဝင်လုပ်ဆောင်ရာတွင်လည်းကောင်း၊ အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးခြင်း၊ တက်ရောက်ခြင်း၊ အပြန်အလှန် တိုင်ပင်ဆုံးဖြတ်ခြင်းဖြင့် အမျိုးသား နှင့် အမျိုးသမီး တန်းတူညီမျှသော အခွင့်အရေးကို ညီမျှအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ထင်မြင်သုံးသပ်မိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်

## ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာ အုပ်ချုပ်မှု၊ အဖွဲ့အစည်း၊ လုံခြုံမှု၊ စီးပွားရေး တို့တွင် အားနည်းနေသည်ကို ဆွေးနွေးဖော်ထုတ်ခဲ့သည်။ ဥပမာ- အမျိုးသားများသည် အုပ်ချုပ်မှု၊ အဖွဲ့အစည်း၊ လုံခြုံမှုစီးပွားရေး တို့တွင် အားကောင်းပြီး၊ အမျိုးသမီးများအနေဖြင့် ရာခိုင်နှုန်း များနေသည်ကို တွေ့ရှိရသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး၊ လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊ အမျိုးသမီးများအနေဖြင့် အခြားဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှု၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း၊ ကျေးရွာတွင် အမျိုးသမီးများ သီးသန့် အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့် နှင့် လုပ်အားခများ(တူညီသောအလုပ်အတွက် တူညီသော လုပ်အားခများ၊ ကျား-မ တန်းတူပေးချေခြင်း) ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်ခြင်း၊ အမျိုးသား နှင့် အမျိုးသမီးများ အတူကူညီဆောင်ရွက်ခြင်းဖြင့် ညီမျှသောလူနေမှုဘဝကို လုပစွာဖော်ဆောင် နိုင်မည်ဖြစ်ကြောင်း တွေ့မြင်သိရှိရပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများတွင် အချိန်ကုန်ကာ ဝင်ငွေရရှိမှုလည်းနည်းသည်။ ရှေးရိုးစွဲအစဉ်အလာများနှင့် ပညာတတ်မြောက်မှုအားနည်းခြင်းတို့ကြောင့် အမျိုးသမီးများသည် မပြောရဲ၊ မဆိုရဲဖြစ် ရာမှ ပါဝင်ဆုံးဖြတ်ခွင့်မရှိပဲ ဖြစ်နေတတ်သည်။
- အချို့သောကဏ္ဍများတွင် အမျိုးသားများ၏လွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ပြောဆိုခွင့်များ နှင့် ဆုံးဖြတ်ခွင့်များ မှေးမှိန်နေတတ်သည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်နိုင်ဖို့အတွက် အမျိုးသားများ၏နေရာပေးမှုလည်း လိုအပ်သည်။
- ကျေးရွာတွင် အသိပညာပေးဆွေးနွေးပွဲများကို အမျိုးသားနှင့် အမျိုးသမီး သီးခြားစီပြုလုပ်ခြင်း၊ အစည်းအဝေးပွဲများတွင်၊ အမျိုးသမီးများအား ပြောဆိုခွင့်ပေးခြင်း၊ ဆုံးဖြတ်ခွင့်ပေးခြင်းတို့ဖြင့် ၎င်းတို့အား လက်တွဲခေါ်ယူသင့်ပါကြောင်း သိမြင်ဆွေးနွေးမိပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )

သောက်သုံးရေခက်ခဲခြင်း၊ သီးနှံအထွက်နှုန်းများနည်းခြင်း နှင့် စိုက်ပျိုးရေးနည်းပညာများ လိုအပ်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ မတ်ပဲများစိုက်ပျိုးရာတွင် ပိုးကျ၍ စိုက်ပျိုးရေးသုံး ဆေးဝါးထောက်ပံ့မှု မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ မိုးကာလတွင် ချောင်းလမ်း ရွှံ့ဗွက်ထူခြင်း၊ ကျန်းမာရေး အသိပညာပေးမှုနည်းခြင်း၊ ရွာချင်းဆက်လမ်းများမကောင်းခြင်း၊ နွေရာသီတွင် ချောင်းလမ်း သဲအလွန် ထူခြင်း၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရန် စက်ကိရိယာများ မဝယ်နိုင်ခြင်း စသည်တို့ကို အမျိုးသားများ က အဆိုပြုကြ သည်။


ချောင်းသဲဗွက်ကြောင့် သွားလာရခက်ခဲခြင်း၊ သောက်သုံးရေ ရှားပါးခြင်း၊ မိုးရာသီတွင် ရေထိုး၍ လမ်းများပျက်စီးခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ သီးနှံအထွက်တိုးအတွက် နည်းပညာ၊ နည်းလမ်း လိုအပ်သည့်အခက်အခဲ၊ လျှပ်စစ်မီးမရှိ၍ ကျောင်းသားများ စာကျက်ရန် အခက်အခဲရှိခြင်း၊ တိုက်နယ်ဆေးရုံမရှိ၍ ဆေးကုရန်ခက်ခဲခြင်း၊ ကျေးရွာဆေးပေးခန်းတွင် ကလေးပေါင်ချိန်စက်မရှိ၍ မိခင်များအတွက် ကလေးသူငယ်များစောင့်ရှောက်မှုခက်ခဲခြင်း၊ စာကြည့်တိုက်ရှိပြီး၊ စာအုပ်များမရှိ၍ အသိညဏ်ဖွံ့ဖြိုးမှုနည်းပါးခြင်း စသည်တို့သည် အမျိုးသမီးများဖော်ထုတ်ခဲ့ကြသော အခက်အခဲများ ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများသည် ကျေးရွာတွင် ရေချိုအရင်းအမြစ်မရရှိပဲ၊ ရေငံအမျိုးအစား သာထွက်ရှိကြောင်း၊ ရေချိုရရှိရန်အတွက် ကျေးရွာပြင်ပ(၁) မိုင်ခန့်သို့ သွားရောက်ခပ်ယူ သုံးစွဲရ ကြောင်းကိုလည်း ပြောပြခဲ့ပါသည်။

အလုပ်အကိုင်ရှားပါးခြင်း၊ ချောင်းလမ်း နွေရာသီ သဲဗွက်ကြောင့် သွားလာရန်ခက်ခဲခြင်း၊ သီးနှံများ အထွက်တိုးရန် နည်းပညာလိုအပ်ခြင်းအခက်အခဲ၊ သောက်သုံးရေခက်ခဲခြင်း၊ ချောင်းလမ်း မိုးတွင်း ရွှံ့ဗွက်ထူခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း စသည့်အခက်အခဲများသည် အမျိုးသား နှင့် အမျိုးသမီးများတို့ အဆိုပြုသောတူညီသောအခက်အခဲများ ဖြစ်ကြပါသည်။

ကျေးရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ည) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


အမျိုးသားများအနေဖြင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် စိုက်ပျိုးရေးနည်းပညာ ပံ့ပိုးမှုများပြုလုပ်ပေးစေချင်ပါသည်။ ကျေးရွာတွင် အားကစားကွင်း ရှိချင်ပါသည်။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး တိုးတက်စေရန်၊ လမ်းများ ပိုမိုကောင်းမွန်စေချင်ပါသည်။ စိုက်ပျိုးရေးအတွက် ဓာတ်မြေသြဇာလိုချင်ပါသည်။ စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်ရှည်ချေးငွေများရချင်ပါသည်။ အဝီစိတွင်းသောက်သုံးရေ ရရှိချင်ပါသည်။ သီးနှံများအထွက် တိုးစေရန် ကျောက်ချောလမ်းကောင်းကောင်း ဖြစ်ချင်ပါသည်။ အလုပ်အကိုင်ရှားပါးသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရစေချင်ပါသည် စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြပါသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ စိုက်ပျိုးရေးအတွက် နည်းပညာဟောပြော ပွဲများ ဆောင်ရွက်ပေးစေချင်သည်။ ကလေးများ ပညာရေးအတွက် လျှပ်စစ်မီးအလင်းရောင် ရရှိစေ ချင်ပါသည်။ ကလေးများအတွက် ဗဟုသုတရရှိစေသော စာအုပ်များလိုချင်ပါသည်။ ကလေးများ အတွက် ကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ပေးစေချင်သည်။ သဲပွက်များ ရှင်းလင်းသော ကောင်းမွန်သော ရွာတွင်းလမ်းများ လိုချင်ပါသည်။ လျှပ်စစ်မီး နှင့် ရေချို ရရှိပြီး၊ ချက်ပြုတ်ရေး နှင့် နေထိုင်ရေးများ အဆင်ပြေစေချင်ပါသည်။ လယ်သမားများအတွက် သီးနှံအထွက်တိုးစေရန်၊ စိုက်ပျိုး ရေးနည်းပညာများ၊ မျိုးကောင်း မျိုးသန့်များ ရရှိချင်ပါသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ အဆင်ပြေစေရန် ရွာတွင်းလမ်းများ ကောင်းမွန်စေချင်ပါသည် စသည်တို့ကို မျှော်မှန်း ထားကြပါသည်။

အမျိုးသား နှင့် အမျိုးသမီးတို့သည် အများအားဖြင့် မျှော်မှန်းချက်ခြင်း တူညီနေကြ သည်။ ၄င်းတို့သည် အဓိကအားဖြင့် ကျေးရွာတွင်းလမ်းကောင်းမွန်စေရန် မျှော်မှန်းထားကြသည်။ ကျေးရွာတွင်းလမ်းကောင်းမွန်ပါက ကျောင်းသား၊ ကျောင်းသူများ ကျောင်းပညာရေးအတွက် သွားလာ ရ အဆင်ပြေစေရန် နှင့် နှောင့်နှေးမှုမရှိစေရန်၊ ကျေးရွာလူထု စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဆင်ပြေလွယ်ကူစေလိမ့်မည်ဟု မျှော်လင့်ထားကြပါသည်။

### ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်



**ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**

ကွင်းကြီးအုပ်စု၊ ကွင်းကြီးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ရွာတွင်း၊ ရွာချင်းဆက်(သံပုရာကွင်း+ကွင်းကြီး) ကျောက်ပိုးထိုးမြေနီလမ်း လုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးဖြစ်သော ရွာတွင်းကျောက်ပိုးထိုးမြေနီလမ်း လုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး ရေတွင်း၊ ရေစက်၊ ရေစက်ရုံ၊ ရေစင်(ဂါလံ-၅၀၀၊ ပိုက်သွယ်ခြင်း) လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် ရွာချင်းဆက် ကျောက်ပိုးထိုးလမ်း လုပ်ငန်း(သံပုရာကွင်း+ကွင်းကြီး) လုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ ဘောလုံးကွင်း မြေညှိရန်အား ဦးစားပေး(၅)အဖြစ်လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါသည်။

အထက်ပါလုပ်ငန်း(၅) ခုတွင် အုပ်စုအဆင့် ရွေးချယ်ပွဲ၌၊ ရွာတွင်း ကျောက်ပိုးထိုးမြေနီကျောက်စရစ်လမ်း မှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အဆင့်(၁) အဖြစ် ကွင်းကြီးကျေးရွာမှ စီမံကိန်းလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိခဲ့ပါသည်။ အုပ်စုအနေဖြင့် ကွင်းကြီးကျေးရွာ၏ အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းကို စဉ်းစားရွေးချယ် ဆုံးဖြတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ

၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကွင်းကြီး ကျေးရွာ။ ။ ကွင်းကြီး

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၃၀-၁၂-၂၀၁၆

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးမြင့်ကြိုင် | ၀၉၄၅၁၄၄၇၈၈၅ | |
| ၂ | | ဥက္ကဌ | ဒေါ်တင်တင်မိုး | ၀၉၄၅၀၁၀၇၅၀၉ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်ဝင်း | ၀၉၉၆၈၄၀၈၂၁၁ | |
| ၄ | | အဖွဲ့ဝင် | ဒေါ်တင်မိုးခိုင် | ၀၉၄၅၆၄၂၇၈၂၇ | |
| ၅ | | အဖွဲ့ဝင် | ဦးအောင်ကျော်မှူး | ၀၉၂၅၀၃၁၈၄၀၅ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးငွေထွန်း | ၀၉၄၅၁၅၅၄၃၆၀ | |
| ၇ | | အဖွဲ့ဝင် | ဦးသောင်းလွင် | | |
| ၈ | | အဖွဲ့ဝင် | ဒေါ်ခင်စန္ဒာထွန်း | ၀၉၉၇၂၉၇၆၆၃၇ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်စိုးယုမော် | ၀၉၉၆၈၄၀၀၇၃၄ | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ရွှေစင်ဦး | ၀၉၂၅၇၆၁၉၀၃၈ | |
| ၁၁ | | အဖွဲ့ဝင် | ဦးရီတင် | ၀၉၂၅၀၇၄၀၆၀၀ | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်ဝင်းမာစိုး | ၀၉၇၇၅၅၀၃၇၄၄ | |
| ၁၃ | အငြင်းပွားမှုများဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဖုန်းလှိုင် | ၀၉၂၅၁၁၅၀၈၂ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်အိမြတ်မွန် | ၀၉၇၇၂၈၀၈၆၀၉ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးရန်လင်းအောင် | ၀၉၂၆၄၀၃၇၃၈၀ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အိအိငြိမ်း | ၀၉၄၅၀၇၃၇၇၀၄ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်အေးသီတာ

လက်ထောက်နည်းပညာမှူး - ဒေါ်အေးသဇင်နိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး ကောင်ကြည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်မြနှင်းသီတာ |
|---|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကွင်းကြီး | | ကျေးရွာ ကွင်းကြီး |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၃၇ | ဘာသာ (၁) ဗုဒ္ဓ | ၁၃၇ |
| လူမျိုးစု (၂) ဗမာ | ၇ | ဘာသာ (၂) ခရစ်ယာန် | ၇ |
| လူမျိုးစု (၃) ကရင် | ၁ | ဘာသာ (၃) ခရစ်ယာန် | ၁ |
| လူမျိုးစုပေါင်း ---------- | | ဘာသာပေါင်း ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | ဗုဒ္ဓ | ၂ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၆ | ဗုဒ္ဓ | ၁၆ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၂၄၆ | ၂၂၆ |
| လူမျိုးစု (၂) ကရင် | ၁၆ | ၃၀ |
| လူမျိုးစု (၃)---------- | - | - |
| အိမ်ထောင်ဦးစီး | ၁၂၈ | ၁၇ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |

| | | | | | | |
|---|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | | ဗလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ~~ကတ္တရာလမ်း~~ | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၀၆/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---------/မသိပါ [illegible]

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်------------------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -------------------- [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) World Vision အဖွဲ့. ③. လူငယ်အဖွဲ့. ⑤ မီးသတ်. ⑦ မိခင်နှင့်ကလေး

(၂) ဒီဂုဏ်ချူးငြိမ်ရေး အဖွဲ့. ④. ကျောင်းကော်မတီ ⑥ ကျေးရွာမီးရေးဂု ⑧ ဓါးပတော.

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ကြည် ( ဂုဏ်ထူး )

လက်မှတ် [signature] နေ့စွဲ ၃၀.၁၂.၁၆

လူထုစည်းရုံးရေးမှူး အမည် ဒေါ်အေးသီတာ

လက်မှတ် [signature] နေ့စွဲ ၃၀.၁၂.၁၆

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဇေးသီတာ | | | |
| နေ့စွဲ ၃၀.၁၂.၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကွင်းကြီး | ကျေးရွာ ကွင်းကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃၀.၁၂.၁၆ | ၃၀.၁၂.၁၆ | ၄၃ | ၄၈ | ၃၈ | မပါ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂.၁.၁၇ | ၂.၁.၁၇ | ၅၅ | ၆၆ | ၄၇ | မပါ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၅.၁.၁၇ | ၅.၁.၁၇ | ၁၈ | ၁၁ | ၂၉ | မပါ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၂.၁၇ | ၁၇.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၈.၂.၁၇ | ၂၈.၂.၁၇ | ၁၀ | ၇ | ၁၇ | မပါ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၇.၃.၁၇ | ၈.၃.၁၇ | ၆၀ | ၄၂ | ၁၀၂ | မပါ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၇.၃.၁၇ | ၇.၃.၁၇ | ၆၀ | ၄၂ | ၁၀၂ | ဗမာ | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၇.၃.၁၇ | ၇.၃.၁၇ | ၆၀ | ၄၂ | ၁၀၂ | ဗမာ | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၇.၃.၁၇ | ၇.၃.၁၇ | ၆၀ | ၄၂ | ၁၀၂ | ဗမာ | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၁၉.၄.၁၇ | ၁၉.၄.၁၇ | ၄၀ | ၃၇ | ၇၇ | ဗမာ | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၃.၆.၁၇ | ၃.၆.၁၇ | ၂၅ | ၂၀ | ၄၅ | ဗမာ | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၁၀.၆.၁၇ | ၁၀.၆.၁၇ | ၁၂ | ၁၀ | ၂၂ | ဗမာ | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၁၃.၆.၁၇ | ၁၃.၆.၁၇ | ၁၅ | ၂၀ | ၃၅ | ဗမာ | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၁၄.၆.၁၇ | ၁၄.၆.၁၇ | ၄၇ | ၅၀ | ၉၇ | ဗမာ | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

ညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ဆက်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | | | |
|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ခေါ်ဇော ဘိုတာ | | | | |
| နေ့စွဲ ၃၀ ၊ ၁၂ ၊ ၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ကျောဝတီ | ဖါးခဝ်း မြို့နယ် | ကျေးရွာအုပ်စု ကွင်းကြီး | | ကျေးရွာ ကွင်းကြီး | |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သောက်သုံးရေ ခက်ခဲခြင်း | ၁ | ရွာတွင်း သဲမှုန် ထောင်, သွား လာရ ခက်ခဲခြင်း |
| ၂ | အိမ်သာ သုံးစွဲမှု နည်းပါးသဖြင့် စိုက်ပျိုးရေး နည်းပညာများ လိုအပ်ခြင်း | ၂ | သောက်သုံး ရေ ရှားပါးခြင်း |
| ၃ | ကလပ်ကျိုင် ရှားပါးခြင်း | ၃ | မိုးရာသီ ရေကြီး၍ လမ်းပျက်ဆီးခြင်း |
| ၄ | လမ်းပန်း ဆက်သွယ်ရေး ခက်ခဲခြင်း | ၄ | ကလပ်ကျိုင် ရှားပါးခြင်း |
| ၅ | ကျန်းမာရေး အသိပညာ နည်းပါးခြင်း | ၅ | လူမှုစီးပွား မရှိ၍ ဘဝကျောင်း ခက်ခဲခြင်း |
| ၆ | စိုက်ပျိုးရေး မြေဩဇာ တိုးတက်ရန် အကျိုးပြု များ မတတ်နိုင်ခြင်း | ၆ | ကလေး ကျောင်းပို့ရာ ခက်ခဲခြင်း |
| ၇ | ရွာတွင်းလမ်း ... မိုးရာသီ ... ခက်ခဲခြင်း | ၇ | ... ကျောက်ခဲ ... မရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးအတွက် ဓါတ်မြေဩဇာ များ ရချင်ပါသည်။ | ၁ | စိုက်ပျိုးရေး နည်းပညာ ဟောပြောပွဲများ ဆောင်ရွက်ပေးစေချင်ပါသည်။ |
| ၂ | စိုက်ပျိုးရေး တိုးတက်ရန်အတွက် ချေးငွေများ ရချင်ပါသည်။ | ၂ | ကလေးများ ပညာရေး အတွက် လှူဒါန်းမှု ကောင်း ရရှိစေချင်ပါသည်။ |
| ၃ | သောက်ရေအတွက် အဝီစိတွင်း ရချင်ပါသည်။ | ၃ | ကလေးများ ... ရရှိမည့် ... များ လိုချင်ပါသည်။ |
| ၄ | အိမ်များ အတွက် တိုးတက်ရန် စိုက်ပျိုးရေးနည်းပညာ ပံ့ပိုးမှုများ ရချင်ပါသည်။ | ၄ | ကျန်းမာရေး ဟောပြောပွဲများ ဆောင်ရွက်ပေးစေချင်ပါသည်။ |
| ၅ | ကျေးရွာတွင်း အားကစားကွင်း ရှိချင်ပါသည်။ | ၅ | ရွာတွင်း လမ်းကောင်း မှုကျောက် သဲမှုန်များ ရွာလမ်းပေါ် ပေးစေချင်ပါသည်။ |
| ၆ | ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး တိုးတက်စေရန် လမ်းများပိုမို ကောင်းမွန်စေချင်ပါသည်။ | ၆ | မီးလျှပ်စစ်ရေး၊ ပညာရေး၊ ကျန်းမာရေး အတွက် လမ်းများ ကောင်းမွန်စေချင်ပါသည်။ |
| ၇ | ကျေးရွာတွင်း ကျောက်ချောလမ်း ကောင်းကောင်း ဖြစ်စေချင်ပါသည်။ | ၇ | ရေကောင်းရေသန့် ရရှိ၍ ... ရေရှည် ... ဖြစ်စေချင်ပါသည်။ |

ဂ။ ကလပ်ကျိုင် အတွင်း အသင်း ရချင်ပါသည်။

လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် | |
|---|---|---|---|---|---|
| ၁ | ရွာတွင်း + ရွာချင်းဆက် ကျောက်မိုင်ခင်းလမ်း မြေနီ | ကျား + မ | ၁၈၂၀၀၀၀၀ | ၄၅၉ | သံပုရာကွင်း - ကွင်းကြီး |
| ၂ | ရွာတွင်း ကျောက်မိုင်ခင်းလမ်း (ကုန်းလက် + ရေမွန်) | ကျား + မ | ၅၁,၀၀၀,၀၀၀ | ၄၅၉ | |
| ၃ | ရေတွင်း၊ ရေကန်၊ ရေကာတာ၊ ရေပိုက်သွယ်၊ ရေစင် | ကျား + မ | ၁၁၀၀၀၀၀၀ | ၄၅၉ | |
| | ရွာချင်းဆက် ကျောက်စရစ် မြေနီလမ်း | ကျား + မ | ၇၂၀၀၀၀၀ | ၄၅၉ | သံပုရာကွင်း - ကွင်းကြီး |
| ၅ | ကလေးကစားကွင်း မြေဖို့ခြင်း | ကျား | ၂၅၀၀၀၀၀ | ၄၅၉ | |
| ၆ | | | | | |
| ၇ | | | | | |
| ၈ | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မျိုးသန့် မျိုးစပါး | ရွာတွင်း ကျောက်ချောလမ်း | |
| ၂ | လယ်ယာစက်ကိရိယာ ချေးငွေ | လျှပ်စစ်မီး | |
| ၃ | | ဓါတ်မြေဩဇာ | |
| ၄ | | မျိုးကောင်းမျိုးသန့် | |
| ၅ | | အသက်မွေးဝမ်းကြောင်း သင်တန်းများ * အလုပ်အကိုင် | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- ဦးမြင့်ကြိုင် ---- လက်မှတ် ---- [signature] ---- နေ့စွဲ ---- ၃၀.၁၂.၁၆

ဒေါ်တင်တင်မိုး [signature] ၃၀.၁၂.၁၆

ပုံစံPC-၄ကျေးရွာ ခွဲရွေးချယ်ခြင်းပုံစံ

| |
|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ဖြိုးသီတာ |
| နေ့စွဲ ၅ . ၁ . ၂၀၁၇ |
| ပြည်နယ်/တိုင်း- ဧရာဝတီ \| မြို့နယ်- ဖျာပုံ \| စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ကျေးရွာအုပ်စု ကွင်းကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အဖွဲ့/အစည်း | စုစုပေါင်း |
| ကွင်းကြီး | ရွာတွင်းကျောက်ပိုးထိုး၊မြေနီ ကျောက်စရစ်လမ်း | ၄၆၀၀'x၁၀'x၈" | ၄၇၁ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၁၁,၀၀၀,၀၀၀ | - | - | | ၁၁,၀၀၀,၀၀၀ |
| | ဂုံးပေါက်(၂)ခု ပြုပြင်ခြင်း | (၁၈'x၄'x၃'၆")x၂ | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | | |
| သံအိုးကင်း | ရွာချင်းဆက် ချောင်းကျောက်လမ်း | ၂၀၀၀'x၁၀'x၆" ၅၅၀၀'x၁၅'x၆" | ၂၃၈ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၁၂၃၀၀,၀၀၀ | - | - | - | ၁၂၃၀၀,၀၀၀ |
| | | | | ☐အမျိုးသား | | | | | |

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်ခွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| သံအိုးကင်း | ရေကန်<br>ရေစက်/ရုံ<br>ပိုက်သွယ်တန်းခြင်း | ဂါလံ ၁၅၀၀<br>အင်္ဂတေ+ပန့်<br>၆'x၅'x၃'<br>၁၀၀၀' | ၂၃ ၈ဦး | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်<br>အမျိုးသမီး | ၃၂၀၀,၀၀၀ | — | — | ၃၂၀၀,၀၀၀ |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးစန်းလွင် ၊ ဒေါ်တင်ထင်မိုး

လက်မှတ် [signature] ရက်စွဲ ၅.၁.၂၀၁၇.

လူထုပဟိုပြုစီမံကိန်း ( ဒုတိယနှစ်စက်ဝန်း )

**၁၃။ အစည်းအဝေးမှတ်တမ်းများ**

**ကျေးရွာအုပ်စု - ကွင်းကြီး**

**ကျေးရွာ - ကွင်းကြီး**

**ပထမအကြိမ်ကျေးရွာအစည်းအဝေး** ရက်စွဲ ၃၀-၁၂-၂၀၁၆

အစည်းအဝေးကို နေ့လည် (၁၂း၀၀) နာရီတွင် စတင်ကျင်းပခဲ့သည်။ အစီအစဉ် (၁) တွင် ကျေးရွာအုပ်စု အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်အောင် မှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုပဟိုပြုစီမံကိန်း ဒုတိယနှစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ကျေးရွာအုပ်စုအနေဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြသည့်အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သော လိုအပ်ချက်လုပ်ငန်း များကို စီမံကိန်းအဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် ဟု မျှော်လင့်ပါကြောင်း " စသဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် အုပ်စုအုပ်ချုပ်ရေးဘက်မှ အုပ်စုစာရေးဖြစ်သူ ဦးအုန်းကျော် မှ ထပ်မံ၍ အဖွင့်စကား အနည်း ငယ်ပြောကြားခဲ့ပါသည်။ နေ့လည် (၁၂း၃၀) နာရီတွင် လူထုပဟိုပြုစီမံကိန်းဝန်ထမ်းများမှ ကျေးရွာလူထု နှင့် ဝန်ထမ်းများကြား ရင်းနှီးမှု ရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြ သည်။ ထို့နောက် စီမံကိန်းစက်ဝန်း မိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊စီမံကိန်းတွင် ပါဝင်သူဝများ၏အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ၊ စီမံကိန်းတွင် လိုက်နာရမည့် ဆောင်ရန် ရှောင်ရန် အချက်များ၊ အကြံပြုတိုင်ကြားရေး စနစ်အကြောင်း စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ နေ့လည် (၂) နာရီတွင် စီမံကိန်းဒုတိယနှစ် အတွက် ကော်မတီဝင်များ ရွေးချယ်မည်ဖြစ်၍ စေတနာဝန်ထမ်းများ၏ တာဝန်ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျသော လျှို့ဝှက်စနစ်အကြောင်း ထပ်မံရှင်းပြခဲ့ပြီး၊ စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ နေ့လည် (၂း၁၅) တွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြု ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။ နေ့လည် (၃း၀၀) နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝ အရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များ အသုံးပြုမှု၊ ပိုင်ဆိုင်မှု

ထိန်းချုပ်မှုညွှန်ကြားရေးမှူးရုံးမှာ ဦးစီးအရာရှိ၊ ထိန်းချုပ်မှုညွှန်ကြားရေးမှူးရုံးမှာ ဦးစီးအရာရှိ

ထိန်းချုပ်မှုညွှစ္စာခနေ စံသတ်မှတ်ချက်၊ ပင့်ကူအိမ် သုံးသပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြု ပြက္ခဒိန်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ) ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြသည်။ညနေ (၅း၀၀) နာရီတွင်၊ ကျေးရွာ ပထမအကြိမ် အစည်းအဝေး (ဒုတိယနှစ် စက်ဝန်း) ကိုပြီးမြောက်ခဲ့ပြီး၊ အစည်းအဝေးကို အောင်မြင်စွာ ပိတ်သိမ်းကြောင်း ကြေငြာခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး
ဒေါ်အေး. သီတာ.

လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )

၁၃။ အစည်းအဝေးမှတ်တမ်းများ

ကျေးရွာအုပ်စု - ကွင်းကြီး

ကျေးရွာ - ကွင်းကြီး

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး ရက်စွဲ ၂-၁-၂၀၁၇

အစည်းအဝေးကို နေ့လည် (၁၂း၀၀) နာရီတွင် စတင်ကျင်းပခဲ့သည်။ ဒုတိယ အကြိမ် ကျေးရွာ အစည်းအဝေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဦးဆုံး ရှင်းပြခဲ့ပြီး အစည်းအဝေးကို စတင်ခဲ့ပါသည်။ ရည်ရွယ်ချက်ကို ရှင်းပြ ပြီးနောက် (၃၀-၁၂-၂၀၁၆) ကျေးရွာ ပထမအကြိမ် အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ခြင်း များကို ပြန်လည်သုံးသပ် အနှစ်ချုပ် တင်ပြခဲ့ပါသည်။ ထို့နောက် ကျေးရွာ ဖွံ့ဖြိုးရေး စာအုပ်အကြောင်းကို ရှင်းပြခဲ့ပြီး တဆက်တည်းမှာပင် လက်ထောက်နည်းပညာမှူး မှ သဘာဝ အကာအကွယ် နှင့် လူမှု အကာအကွယ်များ အကြောင်းကို ဆက်၍ ရှင်းပြခဲ့ ပါသည်။ ထို့နောက် ကွင်းကြီး ကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲ ပြဿနာများ၊ ကျေးရွာ မျှော်မှန်းချက် များကိုဖော်ထုတ်ခဲ့ ပါသည်။ နေ့လည် (၂း၃၀) နာရီတွင် ကျေးရွာ၏ အမှန်တကယ် လိုအပ်နေသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို အမျိုးသား နှင့် အမျိုးသမီး သီးခြားစီ ဖော်ထုတ် အဆိုပြုခဲ့ကြပါသည်။ နေ့လည် (၃း၀၀) နာရီတွင် စီမံကိန်းတွင် အကျုံးဝင်သော လုပ်ငန်းများ၊ စီမံကိန်းတွင် အကျုံးမဝင် သော လုပ်ငန်းများကို အသေးစိတ် ရှင်းလင်း တင်ပြခဲ့ပါသည်။ ထို့နောက် မဲပေး ရွေးချယ်ခြင်း လျှို့ဝှက်စနစ် အကြောင်းကို ထပ်မံ ရှင်းပြခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများကို မဲပေး စနစ်ဖြင့် ရွေးချယ် ဆုံးဖြတ်ခဲ့ပါသည်။ ကွင်းကြီး ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုး ရေးဦးစားပေး လုပ်ငန်းများ ထွက်ရှိပြီးနောက် နေ့လည်(၄း၃၀) နာရီတွင်၊ ကျေးရွာ ဒုတိယအကြိမ် အစည်းအဝေးကို၊ အောင်မြင်စွာ ကျင်းပ ပြီးမြောက်ခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး
ဒေါ်[illegible]

၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်း၊ ရွာချင်းဆက်ကျောက်ပိုးထိုးမြေနီလမ်း | ကျား-၁၁၃<br>မ-၁၅၈ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖယ်ပြုစီမံကိန်း |
| | ၂ | ရွာတွင်းကျောက်ပိုးထိုးမြေနီလမ်း | ကျား-၁၀၉<br>မ-၁၁၉ | ၂၀၁၈ | ကျေးရွာလူထု | လူထုဖယ်ပြုစီမံကိန်း |
| | ၃ | ရေပေးဝေရေး | ကျား-၃၅<br>မ-၅၄ | ၂၀၁၉ | ကျေးရွာလူထု | လူထုဖယ်ပြုစီမံကိန်း |
| | ၄ | ရွာချင်းဆက်ကျောက်ပိုးထိုးလမ်း | ကျား-၂၃<br>မ-၂၇ | ၂၀၂၀ | ကျေးရွာလူထု | လူထုဖယ်ပြုစီမံကိန်း |
| အသက်မွေးဝမ်း ကြောင်း/ စိုက်ပျိုးရေး | ၅ | စိုက်ပျိုးရေးအတွက်မျိုးသန့် | ကျား | ၂၀၂၁ | ကျေးရွာလူထု | လူထုဖယ်ပြုစီမံကိန်း |
| | ၆ | လယ်ရေသောက်ကန် နှင့် မြောင်း ပြောင်းပြုပြင်ရန် | ကျား | ၂၀၂၂ | ကျေးရွာလူထု | လူထုဖယ်ပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၇ | ဘောလုံးကွင်းမြေညှိရန် | ကျား-၅<br>မ-၉ | ၂၀၂၃ | ကျေးရွာလူထု | လူထုဖယ်ပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |